# ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဝန်ထမ်းအယောင်ဆောင်၍ ရုံးပြင်ပတွင် ယာဉ်မှန်/ မမှန်ကို လိမ်လည်စစ်ဆေးနေသူများအား ဖမ်းဆီးအရေးယူခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုး ယာဉ်စီးရေများပြားသဖြင့် အချိန်ကြာမြင့်ခြင်း၊ လမ်းများပေါ်တွင် တန်းစီစောင့်ဆိုင်းနေရသည့်ယာဉ်များကြောင့် ယာဉ်ကြောကြပ်တည်းမှုဖြစ်ပေါ်ခြင်းများ လျော့နည်းသက်သာစေရန်အတွက် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုး ယာဉ်စစ်ဆေးရက်ချိန်းကြိုတင်စာရင်းသွင်းသည့်စနစ် Online Booking System အား ၂.၁.၂၀၁၈ ရက်နေ့တွင်လည်းကောင်း၊ ယာဉ်မှန်ကန်ခြင်းရှိ/ မရှိ ယာဉ်စစ်ရက်ချိန်းရယူခြင်းစနစ်ကို ၂၀.၈.၂၀၁၈ ရက်နေ့မှစတင်၍လည်းကောင်း ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့အတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)နှင့် (မန္တလေးတောင်ပိုင်း) တို့တွင် နေ့စဉ်နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးနှင့် မော်တော်ယာဉ်မှန်ကန်မှုရှိ/ မရှိ စစ်ဆေးခြင်းကို ၁.၁၀.၂၀၁၈ ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးခဲ့ပြီး ယာဉ်စစ်ရက်ချိန်း ရယူခြင်းအား www.rtad.gov.mm website တွင် ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ Online Booking System စတင်ကျင့်သုံးချိန်တွင် အဆင်ပြေချောမွေ့စွာ ဝန်ဆောင်မှု ပေးနိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ကြိုတင်ရက်ချိန်းရယူထားပြီး လာရောက်ဆောင်ရွက်ခြင်းမရှိသော ယာဉ်စီးရေ ၄၀ % ခန့် ရှိလာသောကြောင့် အမှန်တကယ်လုပ်ငန်းဆောင်ရွက်လိုသူများအတွက် နစ်နာမှုရှိပါသည်။ ထို့ကြောင့် ရက်ချိန်းယူပြီး လာရောက်မဆောင်ရွက်သည့် ယာဉ်များကို (၁)လအတွင်း ထပ်မံ၍ရက်ချိန်းမယူနိုင်အောင် တားစာရင်းသွင်းသည့်စနစ်ကို ၁၆.၁၀.၂၀၁၈ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

၃။ သို့သော်လည်း ရက်ချိန်းရယူလိုသူများ စာရင်းသွင်းခွင့်ရရန် (၁)လကျော်စောင့်မှ ရက်ချိန်းရရှိနေကြောင်း သိရှိရ၍ ထပ်မံစိစစ်ခဲ့ရာ မသမာသူတစ်စုသည် Online တွင် ယာဉ်စီးရေအမြောက်အများ ကြိုတင်စာရင်းသွင်းရယူထားပြီး ခွင့်ပြုယာဉ်စီးရေပြည့်သွားချိန်တွင် အမှန်တကယ် ယာဉ်စစ်ဆေးလိုသော ယာဉ်ပိုင်ရှင်များထံမှ အခကြေးငွေရယူပြီး ၎င်းတို့ ကြိုတင် Booking ယူထားသည့် ယာဉ်အမှတ်နေရာတွင် ပယ်ဖျက်အစားထိုး၍ ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ၎င်းမသမာမှုကိုကာကွယ်ရန် Online တွင် ယာဉ်အမှတ်ရက်ချိန်းကို ပြန်ပြင်ဆင်၍မရအောင် တားဆီးခဲ့ရပါသည်။ ရက်ချိန်းယူပြီးလျှင် ပြန်လည်ပယ်ဖျက်နိုင်မည်မဟုတ်ဘဲ ပျက်ကွက်ပါက (၂)လအတွင်း ရက်ချိန်းယူ၍မရအောင် ထပ်မံ၍ ကာကွယ်တားဆီးမှုများ ဆောင်ရွက်ခဲ့ရပြန်ပါသည်။

၄။ ယာဉ်မှန်/ မမှန်စစ်ဆေးခြင်းကို Online Booking တွင် ရက်ချိန်းရယူ၍ စောင့်ဆိုင်းမစစ်လိုသော ယာဉ်ပိုင်ရှင်များသည် ပြင်ပတွင် ငွေ ၁၃၀၀၀၀ိ/- ပေးပြီး စစ်ဆေး၍ရကြောင်း သတင်းများ ထပ်မံဖြစ်ပေါ်လာပြန်ပါသည်။ သတင်းအရ ၁၁.၂.၂၀၁၉ ရက်နေ့ ၁၁:၃၀ နာရီတွင် ကုန်းလမ်း

ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးဆောင်သည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဝန်ထမ်းများ၊ သင်္ဃန်းကျွန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့သည် ယာဉ်မှန်/ မမှန်စစ်ဆေးပေးနေသော တယ်လီဖုန်းအမှတ် ၀၉-၄၂၁၂၁၄၃၀၅ အား အသွင်ယူဆက်သွယ်ပြီး စိတ်တိုင်းကျ လ္ဘက်ရည်ဆိုင်တွင် ချိန်းဆိုခဲ့ပါသည်။

၅။ ချိန်းဆိုသည့်နေရာသို့ ဦးပြည့်ဖြိုးအောင် (ခ) ပြည့်ဖြိုး၊ အသက်(၂၃)နှစ်၊ အဘ ဦးရွှေဝင်း၊ ဗမာ (ဗုဒ္ဓ)။ ၁၂/သဃက(နိုင်)၁၈၀၂၆၈၊ နေရပ်လိပ်စာ မ/ ၃၂၆၊ သခင်ဖိုးလှကြီးလမ်း၊ (၇)ရပ်ကွက်၊ စီမံကိန်း(၂)။ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူနှင့် တွေ့ဆုံခဲ့ပါသည်။ ၎င်းက မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် မော်တော်ယာဉ်သက်သေခံလက်မှတ်အား မှတ်တမ်းစိစစ်နေဆဲဖြစ်ကြောင်း၊ အင်ဂျင်နီယာလာတော့မည်ဖြစ်၍ ခေတ္တစောင့်ဆိုင်းရန်ပြောသဖြင့် စောင့်ဆိုင်းခဲ့ပါသည်။

၆။ မွန်းလွဲ(၀၁:၃၀)နာရီခန့်တွင် ယာဉ်စစ်ရန် ပြည်ထောင်စုတံတားအဆင်းအနီး အောင်ကောင်းထက် လ္ဘက်ရည်ဆိုင်တွင်ချိန်းဆို၍ ထိုမှတစ်ဆင့် သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ချမ်းသာလမ်းရှိ ဝပ်ရှော့ရှေ့တွင်ယာဉ်ကို ဦးအောင်ကျော်ဦး အသက်(၅၃)နှစ်၊ အဘ ဦးစိုးသိမ်း၊ ဗမာ(ဗုဒ္ဓ)။ ၁၄/ဘကလ (နိုင်)၀၂၅၉၇၆၊ နေရပ်လိပ်စာ မ/၅၄၊ ကျွန်စစ်သားလမ်း၊ စီမံကိန်း(၂)၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေသူက ယာဉ်မှန်/ မမှန်စစ်ဆေးနေစဉ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် သင်္ဃန်းကျွန်းမြို့မရဲစခန်း ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် ငွေ ၁၃၀၀၀၀ိ/- ရယူ၍ ယာဉ်မှန်/ မမှန်စစ်ဆေးပေးသော အင်ဂျင်နီယာအယောင်ဆောင် ဦးအောင်ကျော်ဦးနှင့် ဆက်သွယ်ပေးသူ ဦးပြည့်ဖြိုးအောင်တို့ (၂)ဦးကို သင်္ဃန်းကျွန်းမြို့မရဲစခန်းတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဥပဒေအရ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၇။ ကနဦးစုံစမ်းစိစစ်ချက်အရ ၈.၂.၂၀၁၉ ရက်နေ့တွင်လည်း ယာဉ်မှန်/ မမှန်စစ်ဆေးလိုသော ယာဉ်(၃)စီးကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ယာဉ်စစ်ဆေးရေးဝန်ထမ်း အယောင်ဆောင်၍ (၁)စီးလျှင် ၁၃၀၀၀၀ိ/- ရယူပြီး စစ်ဆေးပေးခဲ့ကြောင်း သိရှိရပါသည်။

၈။ တိုးတက်လာသောယာဉ်စီးရေနှင့် လက်ရှိဝန်ထမ်းအင်အား မျှတမှုမရှိသော်လည်း လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် Online Booking System ဆောင်ရွက်ခဲ့ရာ မသမာသူများကြောင့် အခက်အခဲများဖြစ်ခဲ့ရပါသည်။ ယခုလည်း ဝန်ထမ်းအယောင်ဆောင်၍ ယာဉ်မှန်/ မမှန်ကို ပြင်ပတွင် ငွေ ၁၃၀၀၀၀ိ/- ရယူ၍ ဆောင်ရွက်သူများကြောင့် ဌာနအပေါ်အထင်အမြင်လွဲမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။

၉။ သို့ဖြစ်ပါ၍ နောင်တွင် အလိမ်မခံရအောင် ယာဉ်ပိုင်ရှင် ပြည်သူများအနေဖြင့် ယာဉ်မှန်/ မမှန်ကို သက်ဆိုင်ရာမှတ်တမ်းမှတ်ရာများရှိသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင်သာ Online Booking System ဖြင့် စစ်ဆေးကြပါရန်နှင့် Online စနစ်မရှိသော ရုံးများတွင် ဦးစီးမှူးထံ လျှောက်ထား၍ စစ်ဆေးကြပါရန် အသိပေးအပ်ပါသည်။


ကျော်ဦး